# ''ဝန်းကျင်ကိုအကျိုးပြုသော ခရစ်ယာန်အိမ်ထောင်''

(တင်ပြသူ – *Rev.* စောမြမင်းလွင်)

**နိဒါန်း ။** ။ ကျွန်ုပ်တို့သည် တစ်ဦးတစ်ယောက်တည်း ရေရှည်မရပ်တည်နိုင်ပါ။ မိသားစု၊ မိတ်ဆွေအပေါင်းအသင်း၊ ကောင်းသောအိမ်နီးချင်း၊ အသိုင်းအဝိုင်းလိုအပ်သကဲ့သို့ လူ့အဖွဲ့အစည်းအစုအဝေးနှင့်လည်း ကျွန်ုပ်တို့ မလွတ်ကင်းနိုင်ပါ။ ခရစ်ယာန်မိသားစုအိမ်ထောင်သည်လည်း အလားတူအနေအထားတွင်တည်ရှိနေပေသည်။ ထို့ကြောင့် ယနေ့မျက်မှောက်အခြေအနေများအကြားတွင် အကျိုးကျေးဇူးအရှိဆုံး ခရစ်ယာန်အိမ်ထောင်များရပ်တည်ရှင်သန်ရန်ကြိုးပမ်းအဖြေရှာသင့်လှပေသည်။

**၁။ ဓမ္မကြောင်းနှင့်ကျမ်းသဘောအခြေခံ ။** ။ ကျွန်ုပ်တို့ယုံကြည်သူ သခင်ယေရှု၏နောက်လိုက်များကို သခင်ယေရှု ကိုယ်တိုင်က 'ဤလောက၏ဆားဖြစ်သည် . . . ဤလောက၏အလင်းဖြစ်သည်'ဟု (မဿဲ ၅း၁၃–၁၆)တောင်ပေါ်ဒေသနာတော်တွင် ဖော်ပြထားရာ ဆားသည် ဟင်းလျာကိုအရသာရှိ – ပိုမိုကောင်းမွန်စေသကဲ့သို့၊ အပုပ်ကိုထိန်းနိုင်သကဲ့သို့ အာနိသင်သက်ရောက်မှု ကျွန်ုပ်တို့၌ရှိရန်မိန့်မှာပါသည်။ အလင်းရောင်သည် မြင်တွေ့ရန်၊ အပြုသဘောသက်ရောက်မှုရှိရန်၊ အသိအမြင်များပွင့်လင်းခြင်းဖြစ်ရန် အနှစ်သာရဆောင်ပါသည်။

ထို့အပြင် သခင်ယေရှုကိုယ်တိုင် ပဉ္စတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းရှိသမျှတို့၏အချုပ်အခြာပညတ်နှစ်ပါးကို မိန့်ကြားခဲ့ရာ ဘုရားရှင်ကိုစိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့်ချစ်ရန်၊ မိမိနှင့်စပ်ဆိုင်သူကို မိမိနှင့်အမျှချစ်ရန် ဟူ၍ ဖြစ်ပါသည်။ 'စပ်ဆိုင်သူ'ဆိုသည်မှာ ကျွန်ုပ်တို့နှင့်နီးစပ်နေသူ၊ အနီးအနားတွင်ရှိနေသူ မှန်သမျှဖြစ်သည်။ 'စပ်ဆိုင်သူ'များကို ဂရုပြု ချစ်ခင်ခြင်း၊ အမှန်တကယ်အာရုံစူးစိုက်နိုင်ရန်၊ ကျွန်ုပ်တို့ကို သခင်ယေရှုမည်မျှချစ်ခင်၊ သူ့ဘဝကို စတေးခံလျှက် လက်ဝါးကပ်တိုင်ပေါ် ပေးဆပ်ခဲ့သည်များကို ကျွန်ုပ်တို့ အစဉ် သတိမူမိရမည်ဖြစ်သည်။

## က။ စပ်ဆိုင်သူကိုရှာဖွေခြင်း

ယေဇကျေလအနာဂတ္တိကျမ်း အခန်းကြီး ၃၄ အခန်းငယ် ၁၆ အရှေ့ပိုင်းတွင် ''ပျောက်သောသိုးကို ငါရှာမည်။ သူတပါးနှင်သောသိုးကိုလိုက်၍ဆောင်ခဲ့မည်''ဟု ထာဝရဘုရားရှင်သည် သိုးများအကြားတွင် အကြိမ်များစွာ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သခင်ယေရှုသည်လည်း ပျောက်သောသူများအတွက် သူ၏ဘဝအချိန်များစွာကိုပေးခဲ့ရာ၊ ကျွန်ုပ်တို့လည်း စံပြုအတုယူသင့်ပါသည်။ သင့်စိတ်နှလုံးတွင် ဘုရားရှင်ဖော်ပြ နှိုးဆော်သူကို ရှာဖွေ ပါ။ အမှန်တကယ်တစ်ပါးသူကို ဂရုပြုနိုင်ရန် မိမိ၏မာနနှင့်ဂုဏ်သတင်းများကို လက်ဝါးကားတိုင်တွင်ချထားရပါမည်။

## ခ။ ကောင်းစွာနားထောင်တတ်သူဖြစ်ခြင်း

ကောင်းမွန်စွာ အာရုံစိုက်နားထောင်ခြင်းသည် ဂရုစိုက်ခြင်း၊ အလေးထားခြင်း၊ တန်ဖိုးထားခြင်းဖြစ်သည်။ တချို့က ''နားထောင်တတ်ခြင်း အနုပညာ'' ဟု တင်စားသည်။ ရှင်ယာကုပ် ၁း၁၉ က ''့ခပ်သိမ်းသော သူတို့သည် နားကြားခြင်း၌ လျင်မြန်ကြစေ။ စကားပြောခြင်း၌၄င်း၊ အမျက်ထွက်ခြင်း၌၄င်း၊ နှေးကြစေ''ဟု သတိပေးထားပါသည်။

## ဂ။ နယ်နိမိတ်ကို လေးစားခြင်း

တစ်ဦးတစ်ယောက်၏အိမ်ထဲသို့ သင်ချိုးဖေါက်ဝင်ခဲ့ပါက သင့်ကိုလူကောင်းဟု မြင်နိုင်မည်မဟုတ်ပါ။ သင်သည် ထိုသူ၏နယ်နိမိတ်ကိုလေးစားမှုမရှိပါ။ ထိုနည်းတူ လူတစ်ဦးစီတိုင်း၌ သူတို့အတွက်ချမှတ်ထားသော အနားစွန်းနယ်နိမိတ်များရှိတတ်ပါသည်။ ယုံကြည်သူကျွန်ုပ်တို့သည် ထိုသို့သော

အမှတ်လက္ခဏာများကို ဖတ်နိုင်ရန် အရေးကြီးလှသည်။ တစ်စုံတစ်ဦး၏နယ်နိမိတ်ကိုလေးစားနေစဉ်၊ ကျွန်ုပ်တို့ပြောရန်ရှိသည်များ အပေါ် ဖီလာဆန့်ကျင်ရန်ထက် ပိုမိုသဘောပေါက်လက်ခံလွယ်မည်ဖြစ်ပါသည်။

## ဃ။ ကောင်းသောဝံပုလွေကို အစာကျွေး

ရှေးဟောင်းအိန္ဒိယစကားပုံတစ်ခုက ဝံပုလွေနှစ်ကောင်အကြောင်းပြောထားပါသည်။ စကားပုံက ပြောသည်မှာ လူတစ်ဦးစီ၏အထဲတွင် ဝံပုလွေနှစ်ကောင်ရှိရာ၊ တစ်ကောင်သည် သတ်ဖြတ်ရန်၊ ဖျက်ဆီးရန်၊ အငမ်းမရ ဝါးမျိုစားရန် လိုလားကာ ဆိုးယုတ်မှုများနှင့် ပြည့်နေပြီး၊ နောက်ဝံပုလွေတစ်ကောင်သည် အားနည်း သူ၊ အခြေအနေမလှသူများကို ကူညီပေးလိုကာ ချစ်မေတ္တာပြည့်နေသည်ဟု ဆိုသည်။ သင် အစာကျွေးသည့် ဝံပုလွေသည်ကြီးထွားအားကောင်းလာမည်ဖြစ်သည်။ ကျွန်ုပ်တို့လည်း ကောင်းမွန်သည့်စိတ်ထားနှလုံးသားကိုအားကောင်းစေရန် ကျွေးမွေးပြုစုသင့်ပေသည်။

## ၂။ စဉ်းစားထားသင့်သည့်အချက်များ

ဝန်းကျင်၏အလိုအပ်ဆုံးအရာများနှင့် အခြေအနေများ
မိမိ၏စိတ်ဝင်စားမှု(များ)
မိမိ၏ကျွမ်းကျင်မှု(များ)
သင်၌အထူးလိုအပ်မှုတစ်ခုခုရှိပါသလား။
ရက်သတ္တတစ်ပတ်တွင် သင်မည်မျှအချိန်ဖဲ့ပေးနိုင်မည်နည်း။
သင် ဘာကြောင့် စေတနာ့ဝန်ထမ်းပြုချင်သနည်း။

## ၃။ လူ့အဖွဲ့အစည်း ရပ်ကွက်ပရဟိတလုပ်ငန်းအတွက် ရွေးချယ်ရန်စဉ်းစားချက်(၅)ချက်

က။ အသက်ကြီးရင့်သူများအတွက်
လိုအပ်ချက်ရှိသည်အလျောက် ကူညီပံ့ပိုးမှုများဖြည့်ဆည်းစီစဉ်ပေးနိုင်သည်။

ခ။ ကလေးသူငယ်များအတွက်
လွတ်လပ်ရေးနေ့၊ ခရစ္စမတ်စသည့်အချိန်အခါများတွင် အားကစားပြိုင်ပွဲစသည်တို့ပြုလုပ်ပေးခြင်း
ရာသီအချိန်အခါအလိုက်သတိပြုရမည့်ရောဂါများ၊ မိခင်ကလေးပညာပေးအစီအစဉ်များ၊

ဂ။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ
ရှိသင့်သောသစ်ပင်များ စိမ်းလန်းစိုပြေမှုအတွက်စိုက်ပျိုးလုပ်ဆောင်ခြင်း၊ ရပ်ကွက်သန့်ရှင်းရေးနေ့ စည်းရုံး ဆောင်ရွက်ခြင်း၊ မလိုအပ်သည့်တိရိစ္ဆာန်(ခွေးစသည်)တို့ကိုရှင်းလင်းစီမံခြင်း၊

ဃ။ အခြားရပ်ရွာကိစ္စလိုအပ်ချက်များအတွက် စည်းရုံးလုပ်ဆောင်ခြင်း
ဥပမာ – လုံခြုံရေး(ညမီးထွန်းခြင်း၊ ခြံစည်းရိုး၊ ဝန်ထမ်းခန့်ခြင်း စသည်. . . )
မီးအန္တရာယ်သတိရှိမှု. . . ရာသီအလိုက် ရိုးရာပွဲများဆင်ယင်ခြင်း၊ နာရေးကိစ္စ၊ အလှူဈေး ရောင်းပွဲကျင်းပ၍ ကိစ္စအရပ်ရပ်အတွက် ပေးလှူခြင်း(ဥပမာ–ရေဘေး၊ သဘာဝဘေးတစ်ခုခု)

## ၄။ ပရဟိတလုပ်ငန်းမှ ကလေးသူငယ်များ သင်ယူနိုင်သည်မှာ –

၁။ တာဝန်ဝတ္တရားဆိုင်ရာ အာရုံအသိရှိနေခြင်း
၂။ တစ်ဦးချင်း ထူးခြားကွဲပြားမှု တစ်ခုပြုနိုင်သည်ကို သိရှိခြင်း
၃။ ပေးအပ်စွန့်လွှတ်ခြင်း၏အကျိုးကျေးဇူးကို နားလည်ခြင်း
၄။ ခံနိုင်ရည်ရှိခြင်း
၅။ အလုပ်ဆိုင်ရာ တတ်ကျွမ်းမှုကို သဘောပေါက်လာခြင်း
၆။ အားနေချိန်ကို တန်ဖိုးရှိစွာအသုံးပြုတတ်ခြင်း

## ၅။ ကျောင်းများတွင် ပရဟိတအလုပ် ရှိသင့်ခြင်း၏အကြောင်းရင်း

၁။ ဝန်ဆောင်သင်ယူလေ့လာခြင်းသည် ပညာသင်ရရှိမှုနှင့် တွဲဖက်နေပြီးဖြစ်သည်။
၂။ သင်ယူသူများကိုယ်တိုင် မိမိ၏အစွမ်းထက်မှု အာရုံအသိမြင့်မားမှု မကြာခဏကြုံတွေ့စေသည်။
၃။ အများဆိုင်ရာပရဟိတလုပ်ငန်းတွင်ပါဝင်သည့် ကျောင်းသူ/သားသည် မဲဆန္ဒရှင်များဖြစ်လာရန် ပိုနီးစပ်သည်။
၄။ အများဆိုင်ရာ ပရဟိတလုပ်ငန်းသည် ကြီးမားသောပြဿနာ–ဖြေရှင်းခြင်းတတ်စွမ်းစေသူဖြစ်သည်။
၅။ ပရဟိတစေတနာလုပ်ငန်းသည် ကျန်းမာရေးအကျိုးကျေးဇူးဖြစ်ထွန်းစေသည်။
၆။ စေတနာလုပ်ငန်းက အလုပ်ရှင်ဖြစ်နိုင်သူများကို ပိုဆွဲဆောင်သည်။
၇။ သင်ယူသူများ အကောင်းဆုံးကွန်ရက်အခွင့်အလမ်းကို မွေ့လျော်နိုင်သည်။
၈။ သင်ယူသူများ တာဝန်ဝတ္တရားနှင့် ဂုဏ်ယူဝင့်ကြွားမှုအာရုံကိုတွေ့ရှိသည်။
၉။ ပရဟိတအလုပ်သည် စာသင်ခန်းကိုကျော်လွန်ကာ သင်ယူလေ့လာခြင်းဖြစ်သည်။
၁၀။ စေတနာ့လုပ်ငန်းက တတ်စွမ်းမှုတည်ဆောက်ခြင်းအတွက် အခွင့်အလမ်းဖြစ်သည်။
၁၁။ စေတနာ့လုပ်ငန်းက ပညာသင်ဆုရရှိခြင်းထံ ဦးဆောင်သွားကောင်း ဦးဆောင်သွားမည်။
၁၂။ စေတနာ့လုပ်ငန်းသည် အသင်းအဖွဲ့တည်ဆောက်ခြင်းအတွက် ကြီးမားသောအခွင့်အလမ်းတစ်ခုဖြစ်သည်။

**နိဂုံး** ။ ။ ဝန်းကျင်အတွက် အကျိုးကျေးဇူးတိုးပွားရန် ဆောင်ရွက်သောခရစ်ယာန်အိမ်ထောင်သည် မိသားစုအတွင်း သဟဇာတဖြစ်သော နားလည်သဘောတူချက်ကို အခြေပြုကာ၊ တောင်းဆိုနေသောဝန်းကျင်၏ လိုအပ်ချက်များအတွက် ပွင့်လင်းထင်သာ ဟန်ချက်ညီစွာ တုန့်ပြန်ဖြည့်ဆည်းသွားရမည်ဖြစ်ပါကြောင်း။